ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နွားထိုးကြီးမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်

ခံစပ်ကုန်း(နဲ)ကျေးရွာ၊ ဘူးကိုင်းအုပ်စု

၂၀၂၀ ခုနှစ်

နွားထိုးကြီးမြို့နယ်

မာတိကာ	စာမျက်နှာ
၁။မြို့နယ်မြေပုံ	၁
၂။ကျေးရွာမြေပုံ(တည်နေရာ)	၂
၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း	၂
၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)	၃
၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား	၄
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ	၆
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ	၂၄
၈။ကျေးရွာအချက်အလက်(ပုံစံ-၁)	၂၇
၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)	၃၀
၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)	၃၂
၁၁။ အစည်းအဝေးမှတ်တမ်းများ	၃၄
၁၂။ကက္ကာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ	၄၀



ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

စဉ်	ကျေးရွာအုပ်စု	ကျေးရွာအမည်	အိမ်ထောင်စု	ကျား	မ	ပေါင်း	လူမျိုးစု
၁	ဘူးကိုင်းကျေး	ဘူးကိုင်း	၁၀၈	၂၅၀	၂၇၁	၅၂၁	ဗမာ
၂	ရွာအုပ်စု	ခံစပ်ကုန်း(နောက်)	၃၇၇	၁၁၀၀	၁၃၀၀	၂၄၀၀	ဗမာ
၃		ခံစပ်ကုန်း(ရှေ့)	၄၁၆	၈၄၉	၉၅၆	၁၈၀၅	ဗမာ
၄		ကြာကန်	၂၅၀	၄၃၂	၄၆၇	၈၉၉	ဗမာ
၅		လျှော်ဖြူ(မြောက်)	၁၈၆	၄၇၆	၄၃၂	၉၀၈	ဗမာ
	စုစုပေါင်း		၁၃၃၇	၃၁၀၇	၃၄၂၆	၆၅၃၃	ဗမာ

ဘူးကိုင်းအုပ်ရုံမြေပုံ



ကျေးရွာအခြေခံအရှက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

"ခံစပ်ကုန်း (အနောက်) ကျေးရွာ၏ သမိုင်းအကျဉ်းချုပ်"

"တည်နေရာ"

မြင်းခြံ-ရေဝန်းလမ်းမကြီး၏ လမ်းပိုင်းတစ်နေရာ နွားထိုးကြီး-မြင်းခြံ အကြားရှိ လမ်းမကြီးပေါ်မှ ခမြောက်အရပ်ဆီသို့ လှမ်းမျှော် ကြည့်ရှုလိုက်လျှင် မြင့်မားထည်ဝါလှသော တောင်စဉ်တောင်တန်းတို့ကို တွေ့မြင်ရပေလိမ့်မည်။ ထိုတောင်စဉ်တောင်တန်းများတွင် အရှေ့အရပ်ဆီမှ " က " ပုံသဏ္ဍာန်ပမာ ထီးထီးမားမားအပြိုင်ပေါ်ထွက်နေသော တောင်ညီနောင်ကို တွေ့မြင်ရပေမည်။ ထိုတောင်ညီနောင်သည်ကား နွားထိုးကြီးမြို့နယ်၏ အဆင်ကရ ဂုဏ်ဆောင် 'စကြာတောင်' ပင်ဖြစ်ပေတော့သည်။

ထိုစကြာတောင်၏ အနောက်ဘက် (တောင်ခြေ)တွင် ခံစပ်ကုန်းကျေးရွာ တည်ရှိ၏။ ခံစပ်ကုန်းကျေးရွာသည် နွားထိုးကြီးမြို့၏ အနောက်-မြောက်ဘက် (၁၂)မိုင်ခန့်အကွာ မြောက်လတ္တီကျူ $21^0\ 28'\ 26''$ ၊ အရှေ့လောင်ဂျီကျူ $95^0\ 35'\ 35''$ အတွင်း၌ တည်ရှိပေသည်။

"ခံစပ်ကုန်းကျေးရွာဟု ပြောင်းလဲ ဖြစ်ပေါ်လာပုံ အဆင့်ဆင့်"

ခံစပ်ကုန်းကျေးရွာဟုဆိုလိုက်လျှင် အိမ်ထောင်စုဦးရေ (၃၀၀)ကျော်စီ အသီးသီးရှိကြသော (အရှေ့ရွာ + အနောက်ရွာ) ရွာကြီး (၂)ရွာ ဖြစ်သည်ကို သိထားရပေမည်။ ခံစပ်ကုန်း အရှေ့ရွာနှင့်အနောက်ရွာသည် စာသင်ကျောင်းသာ ခြားလျက်ရှိပြီး အရှေ့ဘက်ရွာသည် ရွာမ၊ အနောက်ဘက်ရွာကို ရွာသစ်ရွာဟူ၍ ရှေးယခင်က ခေါ်တွင်ခဲ့ကြပါသေးသည်။

အဆိုပါကျေးရွာ (၂)ရွာ၏ ဖြစ်ပေါ်လာပုံ အတိတ်သမိုင်းကို လေ့လာကြည့်လျှင် အခေါ်အဝေါ် အရသာလျှင် (အရှေ့ရွာ-အနောက်ရွာ)ဟူ၍ (၂)ရွာ ကွဲပြားနေသော်လည်း ကျေးရွာစတင်ပေါ်ပေါက်လာပုံ နှင့် အချိန်ကာလမှာ တူညီနေကြောင်း လေ့လာတွေ့ရှိရပေလိမ့်မည်။ တစ်ရွာတည်းပင်ဖြစ်ခဲ့ပြီး ရပ်ကွက် (သို့မဟုတ်) အပိုင်း (သို့မဟုတ်) ချောင် အနေဖြင့်သာ ကွဲပြားသွားရာမှ အရှေ့ရွာ-အနောက်ရွာ (၂)ရွာ ဖြစ်လာခဲ့သည်ဟု ယူဆရပါသည်။

ရှေးယခင်က ရွာဦးကုန်းကျောင်းတိုက် ဆရာတော် ဦးကုဏ္ဍလ၏ မှတ်တမ်း၊ မှတ်စုစာအုပ်တွင် တွေ့ရှိချက်အရ သက္ကရာဇ် ၁၂၀၁ခုနှစ်တွင် ခံစပ်ကုန်း အရှေ့ရွာ နေရာသို့ ဦးစံမွှေး+ဒေါ်ဖယ်ပျော် မိသားစု တို့သည်လည်းကောင်း၊ ခံစပ်ကုန်း အနောက်ရွာ နေရာသို့ ဦးဖိုးစောနောင်+ဒေါ်မယ်မုန်း တို့သည်လည်းကောင်း အခြေချနေထိုင်ရာမှ အစပြုခဲ့သည်ဟု သိရသည်။ ထိုအချိန် အဆိုပါ မိသားစုတို့သည် ရွာတစ်ရွာအဖြစ် နေထိုင်ခဲ့ခြင်း မဟုတ်တဲ တောင်ယာလုပ်ငန်းကို လုပ်ကိုင်ရန် ပြောင်းရွှေ့လာကြသော တဲစုလေးမျှသာ ဖြစ်သည်။ ထိုတဲစု နေရာများကို ကြမ်းပိုးချောင်နှင့် ဥသျှစ်ကုန်း ဟူ၍ ခေါ်ဆိုခဲ့ကြသည်။ အဆိုပါ ကြမ်းပိုးချောင်နှင့် ဥသျှစ်ကုန်း နေရာဒန်းကျင်တွင် ထိုအချိန်က ခံဇက်ပင်များ ပေါများစွာ ပေါက်ရောက်လျက်ရှိကြောင်း(ယခု ပုပ္ပါးအနီးတွင် တွေ့ရှိရသေး) သိရပါသည်။ ရှေးခေတ်လူတို့သည် ထိုခံဇက်ပင်များကို ခုတ်ထွင် ရှင်းလင်း၍ ရေကြည်ရာ မြက်နုရာ ဖြစ်သော ဆိုဒေသသို့ တောင်ယာလုပ်ငန်း လုပ်ကိုင်ခြင်း၊ အခြေချနေထိုင်ခြင်း များ ပြုလုပ်လာကြရာမှ ထိုနေရာကို "ခံဇက်ပင်ကုန်း" ဟူ၍ ခေါ်ဆိုခဲ့ကြကြောင်း လေ့လာမှတ်သားရပါသည်။ ထိုအချိန်က အဆိုပါနေရာတွင် လူနေအိမ်(၂၅)ဦးခန့် ရှိနေပြီဟု ဆိုကြ၏။

ထို့နောက် တစ်ဖန် သီပေါမင်း ပါတော်မူပြီးနောက် သက္ကရာဇ်၁၂၄၈ ခုနှစ် (ကိုလိုနီခေတ်) တွင် ပင်းလောင်းမဟာ ရာဇစိန်ခ ဆိုသူမှ လူသူလက်နက် စုရုံးပြီး စကြာတောင် ထိပ်မှနေ၍ နယ်ချဲ့အင်္ဂလိပ်တို့ကို တော်လှန် တိုက်ခိုက်ခဲ့၏။ ထိုအခါ မဟာစေတီတော်မြတ်နှင့် သာသနိက အဆောက်အဦများ ပျက်စီးခဲ့ရလေသည်။

ထိုသို့သော အခြေအနေများကြောင့် မြန်မာလူမျိုးတို့သည် စကြာတောင်ထိပ်မှ ဆုတ်ခွာပြီး ခံဇက်ပင်ကုန်းသို့ ပြောင်းရွှေကာ ခံတပ်ချ၍ တော်လှန်တိုက်ခိုက်ခဲ့သည်။ ထိုသို့ ခံဇက်ပင်ကုန်းဟု ခေါ်သော လူနေတဲစုများ ရှိရာနေရာသို့ မြန်မာလူမျိုးတို့၏ ခံတပ်များ ချထားရာမှ "ခံဇက်ပင်ကုန်း" မှ "ခံတပ်ကုန်း" ဟု ခေါ်ဆိုခဲ့ကြပြန်ပါသည်။

ဤသို့ဖြင့် ရှေးယခင်က ကြမ်းပိုးချောင်နှင့် ဥသျှစ်ကုန်း ဒေသဝန်းကျင်တွင် ခံဇက်ပင်များ ပေါများသည်ကို အစွဲပြု၍ ခံဇက်ပင်ကုန်း ဟူ၍လည်းကောင်း၊ ၎င်းဒေသသို့ မြန်မာတို့၏ ခံတပ်များ ချထားသည်ကို အစွဲပြု၍ "ခံတပ်ကုန်း" ဟူ၍ လည်းကောင်း ခေါ်ဆိုခဲ့ကြရာမှ နှစ်ကာလများစွာ ရွှေ့လျားလာသောအခါ "ခံဇက်ပင်ကုန်း မှ ခံတပ်ကုန်း"၊ "ခံတပ်ကုန်း မှ ခံစပ်ကုန်း" ဟူ၍ အဆင့်ဆင့် ပြောင်းလဲ ခေါ်ဆိုခဲ့ကြသည်ဟု ဆိုရမည် ဖြစ်ပေတော့သည်။

(ခံတပ်စခန်း ချထားသည့် နေရာအချို့တွင် လွန်ခဲ့သော နှစ် (၄၀)ခန့် အထိ အုတ်နံရံများ၊ မြေကတုတ်ကျင်း များ စသည့် သဲလွန်စများ တွေ့ရှိခဲ့ရသေးသည်ဟု လူကြီးသူမများ၏ ပြောပြချက်အရ သိရသည်။ ခံစပ်ကုန်း အနောက်ရွာ တွင် ထိုခေတ်က (စခန်းဟု ယူဆရသည့်) လက်နက်ကြီး ထိမှန်ထားသော ရှေးဟောင်း တိုက်ကြီးမှာ ယနေ့အချိန်ထိ တည်ရှိနေပေသေးသည်။)

"ရိုးရာ ယဉ်ကျေးမှု"

ခံစပ်ကုန်း ကျေးရွာ၌ မြန်မာနိုင်ငံတွင် ပျောက်ကွယ်လုနီးပါး ဖြစ်နေသော မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်တစ်ခု ထိန်းသိမ်း ထားဆဲရှိနေသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ ထိုအရာသည်ကား ရှေးခေတ် မြန်မာတို့၏ ဆံကေသာ ယဉ်ကျေးမှုပင် ဖြစ်သည်။ ယောက်ျားကလေးများဆိုလျင် ဦးစွန်းဖုတ် ထားခြင်း၊ မိန်းကလေး များသည် ဆံရစ်ဝိုင်းနှင့် ဆံတောက်များ ထားရှိကြသော ဒေသမှာ ယနေ့အချိန်အထိ တွေ့မြင်ရမည် ဖြစ်သည်။ လာရောက်လည်ပတ် လေ့လာသူများကတော့ "ဆံရစ်ဝိုင်းတို့ရွာ" ဟူ၍ တင်စားခေါ်ဆိုလျက် ရှိကြသည်။

"မြန်မာ့ သမိုင်းဝင် အမွေအနှစ်"

ထိုဒေသသည် ရှေးယခင်ကတည်းက ဗုဒ္ဓသာသနာ ထွန်းကားခဲ့ကြောင်း ရှေးခေတ်သမိုင်းဝင် အမွေအနှစ်များက သက်သေပြလျက် ရှိပါသည်။ စကြာတောင်ပေါ်နှင့် ထိုဒေသဝန်းကျင်တွင် ပုဂံခေတ် လက်ရာများ ဖြစ်သော ကျောက်ထွင်း လိုဏ်ဂူများ၊ ကျောက်ထွင်း ဗုဒ္ဓရုပ်ပွားတော်များ၊ ကျောက်ထွင်းလမ်းများ (ကျောက်လှေကား) ကုန်းတောင်ခေတ်လက်ရာများ ဖြစ်သော ကျောက်ထွင်း လိုဏ်ဂူများနှင့် ဗုဒ္ဓရုပ်ပွားတော်များ၊ အနော်ရထာမင်း (၁၁၁) အလောင်းစည်သူ (၄၇၇)နှင့် တစ်စီးရှင်သီဟသူ(၆၇၄) တို့ မင်းအဆက်ဆက် တည်ထားကိုးကွယ် ပြုပြင် မွမ်းမံခဲ့သော "မြစည်းခုံဓာတုစေတီတော်"၊ သီဟသူမင်းနှင့် ရဟန္တာထွေးတို့ သမုတ်ခဲ့သော မဟာသိမ်တော် တို့ကို လေ့လာဖူးမြော် ကြည်ညိုနိုင်ပါသည်။ ရွာဦး အလယ်ကျောင်းတိုက်တွင် ရှေးယခင်က သစ်သားရုပ်စုံ ကျောင်းတော်ကြီးရှိပြီး ထိုကျောင်းဟော်ကြီးကို အင်္ဂလိပ်တပ်မှ မီးရှို့ဖျက်ဆီးခဲ့သည်ဟု သိရပါသည်။ ယခုအခါတွင်လည်း ရှေးဟောင်း အမွေအနှစ်အချို့ကို လေ့လာတွေ့ရှိနိုင်ပါသေးသည်။

ခံစပ်ကုန်း အနောက်ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း (၃)ကျောင်း၊ အရှေ့ရွာတွင် (၃)ကျောင်း တောင်ပေါ်တွင် (၁)ကျောင်း စုစုပေါင်း (၇)ကျောင်း ရှိပြီး အခြားတောရကျောင်းများလည်း ရှိသည်။

"စီးပွားရေး လုပ်ငန်း"

ဝှာချိန်က ခံစပ်ကုန်း အနောက်ကျေးရွာ၏ အဓိကစီးပွားရေး လုပ်ငန်း (အသက်မွေးဝမ်းကြောင်း)မှာ တောင်သူနှင့် ထန်းတက်ခြင်းအလုပ်တို့ကို လုပ်ကိုင်ခဲ့ကြသည်။ လွန်ခဲ့သော နှစ်(၂၀)ခန့်မှ အခြေအနေကို ပြန်ကြည့်လျှင် ကျေးရွာရှိ အိမ်ထောင်စု ဦးရေ၏ ၄၅%သည် ထန်းသမား၊ ၃၀%သည် တောင်သူ၊ ၂၅%ခန့်မှာ အလုပ်သမားများ ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့အပြင် ပန်းပဲ၊ ပန်းချီ၊ ပန်းတိမ် စသော လက်မှုပညာရှင်များနှင့် အနုပညာရှင် (ဆိုင်းပညာ)များ လည်း ထွန်းကားခဲ့ပေသည်။ အမျိုးသမီး အများစုမှာ ယက်ကန်း၊ ဗိုင်း၊ ချည် လုပ်ငန်းတို့ကိုလည်း တွဲဖက်လုပ်ကိုင်ခဲ့ ကြသည်။

ယခုအခါတွင်တော့ မိုးလေဝသအခြေအနေနှင့် လူဦးရေများပြားလာသည်နှင့်အမျှ (မြေယာပိုင်ဆိုင်မှုများ နည်းပါးလာကာ) တောင်သူလုပ်ငန်းဖြင့် အသက်မွေးရန်မှာ မလွယ်ကူတော့ပေ။ ထန်းသမားများမှာလည်း ဈေးကွက် အခြေအနေအရ ဝမ်းစာရေးအတွက် မဖြစ်နိုင်တော့ပေ။ ထိုသို့သော အခြေအနေများကြောင့် မိသားစု အချို့မှာ ရေကြည်ရာ မြက်နုရာသို့ ပြောင်းရွှေ့သွားကြသည်များလည်း ရှိကြသည်။ အမျိုးသား အများစုမှာ တစ်နယ် တစ်ကျေးနှင့် တိုင်းတစ်ပါးသို့ သွားရောက်လုပ်ကိုင်လျက်ရှိကြသည်။ အမျိုးသမီး(အားလုံးနီးပါး) များသည် ဆေးလိပ် လုပ်ငန်းကို လုပ်ကိုင်ကြပြီး ကျေးရွာရှိ မိသားစု (အိမ်ထောင်စု) ဦးရေ၏ ၉၉.၉%ခန့်မှာ ထိုဆေးလိပ်လုပ်ငန်းကို အမှီပြု၍ အသက်မွေးဝမ်းကြောင်း ပြုရပါသည်။

(မှတ်ချက်။ ။အပြီးပြောင်းရွှေ့သွားသော မိသားစုဦးရေ (၃၀) ဦးခန့်၊ ခေတ္တမိသားစုလိုက် သွားရောက် လုပ်ကိုင်လျက်ရှိသောဦးရေ (၂၅)ဦးခန့်၊ တိုင်းတစ်ပါးသို့ သွားရောက်လုပ်ကိုင်သူ (၁၄၁)ယောက်)

"ပညာရေး အခြေအနေ"

ခံစပ်ကုန်း အနောက်ကျေးရွာသည် ခေတ်ပညာရေးနှင့် ပတ်သက်၍ များစွာ နောက်ကျကျန်ခဲ့ရပါသည်။ အရှေ့ရွာ-အနောက်ရွာ (၂ ရွာပေါင်း) ရွာ(၂)ကြားတွင် အစိုးရစာသင်ကျောင်း ရှိပါသော်လည်း ရွာသူ/သား အများစုမှာ ဦးပွားရေး အခက်အခဲနှင့် အမြော်အမြင်နည်းပါးမှုတို့ကြောင့် ခေတ်ပညာရေးဘက်တွင် စိတ်ဝင်စားမှု မရှိခဲ့တဲ့ တုန်းတော်ကြီးကျောင်းများတွင်သာ ရင်သွေးငယ်အများစု အပ်နှံခဲ့ကြပြီး လောကုတ္တရာစာပေ (ပညာရေး)သာ ထွန်းကားခဲ့သည်။ အစိုးရကျောင်းသို့ တက်ရောက်ကြသော ကလေးငယ် အနည်းစုမှာလည်း (၄)တန်းအောင်လျှင် တွဲ့ရဦးမှ ဆင်မှတ်ကာ တောင်သူ လုပ်မှ၊ ထန်းတက်မှ ထမင်းစားရမည်၊ ကြီးပွားချမ်းသာမည် ဟူသော အစွဲများ ကိန်းအောင်း ခဲ့ကြပါ၏။ ထို့ကြောင့် ပညာရေးဖြင့် အသက်မွေးသော (အစိုးရဝန်ထမ်း)ဟူ၍ ယနေ့အချိန်ထိ မရှိခဲ့သေးပေ။

ဤသို့သော အခြေအနေများကြောင့် ဆရာတော် ဘဒ္ဒန္တ တေဇဝန္တသည် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် ဘ/က ကျောင်း တည်ထောင်၍ မိမိကျောင်းရှိ ရင်သွေးငယ်များနှင့် ကျေးရွာအတွင်းရှိ ကျောင်းနေ့အရွယ် ကလေးသူငယ်များကို စည်းရုံးကာ မူလတန်း အဆင့်ကို စတင် အကောင်အထည်ဖော် သင်ကြားစေခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် (မူလွန်)၊ ၂၀၁၃-၂၀၁၄တွင် အလယ်တန်း အဆင့်အထိ တိုးမြင့်ကာ ဖွင့်လှစ် သင်ကြားခဲ့ပါသည်။ ယခုအချိန်အခါတွင် ခေတ်ပညာတတ် ဘွဲ့ရ လူငယ်မောင်မယ်များစွာ မွေးထုတ်ပေးနိုင်လျက်ရှိသည်။

"ရာသီ ပွဲတော်များ"

ခံစုပ်ကုန်း ကျေးရွာတွင် ရာသီအလိုက် ပွဲများစွာရှိသော်လည်း စကြာတောင် ဘုရားပွဲတော်မှာ လူသိများ၍ ထင်ရှားလှပါသည်။ ထိုပွဲတော်သည် တောင်ပြုံးပွဲတော်နှင့် အပြိုင် နှစ်စဉ် ဝါခေါင်လဆန်း(၈)ရက်မှ လပြည့်ကျော်(၅)ရက် အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိပါသည်။ နွားထိုးကြိုးမြို့နယ်၏ အစည်ကားဆုံးသော ပွဲတော်ဖြစ်ပြီး မြို့အသီးသီး၊ နယ်အသီးသီးမှ လာရောက်ကြသော ဘုရားဖူး ပရိသတ်များဖြင့် နှစ်စဉ် စည်ကားလျက် ရှိသည်။

"သွားလာ ဆက်သွယ်ရေး"

စကြာတောင်ဒေသ၊ ဆံရစ်ဝိုင်းတို့မြေ- ခံစပ်ကုန်းကျေးရွာသည် မြင်းခြံ-ရေဝန်း လမ်းမကြီး၏ မိုင်တိုင် အမှတ် ၁၄/၁ သို့ ရောက်လျှင် သာယာကုန်းကားဂိတ် (စကြာတောင်လမ်းခွဲ) မှ မြောက်ဘူးဝူးသို့ ကျောက်ကြမ်းလမ်း အတိုင်း သွားလာရပါသည်။ မင်းရွာ-ကူကုန်းကျေးရွာ များသို့ ဖြတ်ကျော်ပြီးလျှင် အရှေ့ဘူးဝူးသို့ မြေသားလမ်းအတိုင်း သွားရမည် ဖြစ်သည်။ မိုးရာသီတွင် သွားလာရ မလွယ်ကူပေ။

"နိဝုံးချုပ်"

စကြာတောင်ဒေသ၊ ခံစပ်ကုန်းကျေးရွာသည် သူ့ကျွန်မခံလိုသော ရှေးခေတ်မြန်မာတို့၏ ခံတပ်များတည်ရှိခဲ့ရာ နိုင်ငံတော်နှင့် ဒေသခံ ပြည်သူများအတွက် တန်ဖိုးမဖြတ်နိုင်သော မြန်မာ့ သမိုင်းဝင် ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာ၊ ရှေးခေတ်မြန်မာတို့ အမြင်တန့်တန့်ဖိုးထားခဲ့သော ဆံရစ်ဝိုင်းတို့ ပျော်စံရာ၊ နောက်ခံသမိုင်းကြောင်း နှင့် ရေမြေတောတောင် သဘာဝအခြေအနေများက အတိတ်ကာလမှသည် ယနေ့ခေတ် အထိဘိုင် ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားလှက်နဲ့သည်ကို အထင်းသား ဖော်ပြလျက် ရှိနေပေတော့သည်။

(ခ)အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PRA/PSA)အကျဉ်းချုပ်ဇယား

စဉ်	အကြောင်းအရာ	ရက်စွဲ	ဦးတည်အုပ်စု	တက်ရောက်သူ			အဓိကဆွေးနွေးချက်
				က	မ	ပေါင်း	
၁	ကျေးရွာလူမှုရေးပြ၊ သယံဇာတပြမြေပုံ(Social Map/ Resorce Map)	၃.၁၀.၂၀၁၉	ကျေးရွာလူထု	၁၈	၂၃	၄၁	ကျေးရွာနယ်နိမိတ်အတွင်းရှိအိမ်ခြေအဆောက်အဦ ဘုရားပုထိုးများစသောကျေးရွာ၏ လက်ရှိအခြေအနေနှင့်လယ်မြေစိုက်ခင်း၊ ပိုင်ဆိုင်မှုပြအခြေအနေများကို ရေးဆွဲဖော်ထုတ်သည်။
၂	ရာသီခွင်ပြပြက္ခဒိန်(Social Map/Resorce Map)	၃.၁၀.၂၀၁၉	ကျေးရွာလူထု	၁၈	၂၀	၃၈	ကျေးရွာရှိရွာသူရွာသားများ၏ ရာသီလိုက် စိုက်ပျိုးရေး မွေးမြူရေး၊စိုက်ပျိုးချိန်၊ရိတ်သိမ်းချိန် တိရိစ္ဆာန်များ ရောဂါဖြစ်ပွားမှုသီးနှံများပိုးမွှားကျရောက်မှု ရာသီပွဲတော်များ၊ကျေးရွာမှလူများ ဝင်ငွေရရှိမှုအခြေအနေ များကို ကျေးရွာမှလူများပါဝင်ဆွေးနွေးကြသည်
၃	ကျေးရွာ၏ဦးစားပေး အစီအစဉ်ပြဇယား (Matric Ranking)	၃.၁၀.၂၀၁၉	ကျေးရွာလူထု	၁၈	၂၃	၄၁	ကျေးရွာသူကျေးရွာသားများ၏ကျေးရွာအတွက် အဓိကလိုအပ်သောစီမံကိန်းလုပ်ငန်းခွဲများကို ညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်
၄	အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram)	၃.၁၀.၂၀၁၉	ကျေးရွာလူထု	၁၅	၂၂	၃၇	ကျေးရွာအတွင်းတွင်ရှိနေသောလူမှုအဖွဲ့အစည်းများ နှင့်ကျေးရွာလူထုအကြားချိတ်ဆက်နေမှုကို ထင်သာမြင်သာရှိအောင်ဖော်ဆောင်နိုင်ခဲ့သည်
၅	ပင့်ကူအိမ်ကွန်ယက် (Spider Wed)	၃.၁၀.၂၀၁၉	ကျေးရွာလူထု	၂၀	၂၄	၄၄	အမျိုးသားနှင့်အမျိုးသမီးများအကြားအလုပ်အကိုင် အခွင့်အလမ်းတန်းတူအခွင့်အရေး ပညာသင်ကြားနိုင်မှု ဘဝလုံခြုံမှုစသည့်အခြေအနေအရပ်ရပ်ကို ဆွေးနွေးခဲ့ကြသည်
၆	လူမှုစီးပွားအဆင့်သတ် မှတ်ခြင်း (Wealth Ranking)	၃.၁၀.၂၀၁၉	ကျေးရွာလူထု	၁၅	၂၄	၃၉	ကျေးရွာအတွင်းရှိလူများအကြား ပစ္စည်းဥစ္စာနေအင်အားပိုင်ဆိုင်မှု အဆင့်ခွဲခြားပြသခြင်းဖြင့် ကျေးရွာအတွက်လိုအပ်မည့်ဝင်ငွေ ရရှိရေးအစီအစဉ်များကို ထည့်သွင်းစဉ်းစားနိုင်ရန် စဉ်းစားခဲ့ကြသည်

ဘူးကိုင်းအုပ်စု

ခံစပ်ကုန်း(နရွာ

(က) လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်း

ကျေးရွာ – ခံစပ်ကုန်း(နှ)ကျေးရွာ

ကျေးရွာအုပ်စု – ဘူးကိုင်းကျေးရွာအုပ်စု

ခံစပ်ကုန်း(နှ)ရွာသည် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ထားသော ရွာတစ်ရွာဖြစ်သည်။ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သူ ၊ ထန်းတောင်သူ အနည်းငယ်ရှိသည်။ ပိုင်ဆိုင်မှုကို ဆန်းစစ်ကြည့်သည့်အခါ အမျိုးသားများက ထိန်းချုပ်မှုပိုများသည်။ အမျိုးသမီးများကတော့ အိမ်မှုကိစ္စကိုသာ လုပ်ကိုင်ရင်းအချိန်ကုန်ကျသည်။

ကျေးရွာအတွင်းတွင် ဖွံ့ဖြိုးရေးဆောင်ရွက်ရန် အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပါသည်။ ဖွဲ့စည်းထားသော အဖွဲ့များ၏ လိုအပ်ချက်များကိုလည်း မြို့နယ်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီးဆောင်ရွက်နေကြောင်းတွေ့ရပါသည်။

ကျေးရွာ၏ ကြွယ်ဝချမ်းသာမှုကို ကြည့်လျှင် ချမ်းသာသော ပုဂ္ဂိုလ်အရေအတွက် နည်းပါးကြောင်း၊ အဆင်ပြေသော အိမ်ထောင်စုများနှင့် အဆင်မပြေသော အိမ်ထောင်စု တို့သာ များစွာရှိကြောင်း၊ နေ့စားအလုပ်သမား၊လက်လုပ်လက်စားများသာ အများဆုံးရှိကြောင်းတွေ့ရပါသည်။

တနှစ်တာလများအတွင်း စိုက်ပျိုးရေးလုပ်ကိုင်ရရှိသောလများနှင့် မရရှိသောလများ၊ဝင်ငွေရရှိသောလများနှင့် မရသောလများ၊ ကျန်းမာရေးထိခိုက်မှုရှိသောလများ ပွဲတော်ရက်လများ၊ စိုက်ပျိုးသီးနှံများ ရိတ်သိမ်းမည့်အချိန်စသည်တို့ကို သုံးသပ်ပြီး ကျေးရွာအတွင်းတွင် အကောင်အထည် ဖော်မည့် စီမံကိန်းလုပ်ငန်းခွဲများကို မည်သည့်အချိန်တွင် ဆောင်ရွက်မည်ကို ညှိနှိုင်း ဆုံးဖြတ်ဆောင်ရွက်ကြပါသည်။

အမျိုးသားနှင့်အမျိုးသမီးတို့၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် ဦးဆောင်နိုင်မှုအနေအထားကိုလည်း လက်တွေ့ကျကျ မှတ်တမ်းတင်လေ့လာကြည့်သောအခါ မည်သူတို့က ပိုပြီးဦးဆောင်မှုရှိနေသည်၊ မည်သူတို့က ဦးဆောင်ဆုံးဖြတ်ကြသည်၊ အတူပူးပေါင်းဆောင်ရွက်သောလုပ်ငန်းများက မည်သည်တို့ဖြစ်ကြသနည်းဆိုသည်များကို သိရှိလာခဲ့ကြပါသည်။

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ဘူးကိုင်းကျေးရွာအုပ်စု၊ခံစပ်ကုန်း(နှ)ရွာ

လူမှုရေးအရင်းအမြစ်ပြမြေပုံ



ကျေးရွာအုပ်စု - ဘူးကိုင်းအုပ်စု

ကျေးရွာအမည် - ခံစပ်ကုန်း(နှ)ကျေးရွာ

လူမှုရေးနှင့်အရင်းအမြစ်ပြဖြေပုံသုံးသပ်ခြင်း

ခံစပ်ကုန်း(နှ)ကျေးရွာတွင် အိမ်ထောင်စု ၃၇၇ စု၊ လူဦးရေ ကျား ၁၁၀၀ ၊မ ၁၃၀၀ ၊ စုစုပေါင်း ၂၄၀၀ ဦးရှိပါသည်။ အားလုံးသည် ဗမာလူမျိုး၊ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး၊ ကျေးရွာရှိအရင်းအမြစ်များကို အမှီပြု၍ မိသားစုများဘဝ ရပ်တည်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုနေကြပါသည်။ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို သာအဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ်လုပ်ကိုင်ကြပါသည်။

စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အသင်းအဖွဲ့များဖွဲ့စည်းလုပ်ကိုင်ခြင်း၊ ပြင်ပအကူအညီများရယူဆောင်ရွက်ခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်း များလုပ်ကိုင်နေကြပါသည်။

ကျေးရွာတွင်ရှိသော အရင်းအမြစ်များကို ကြည့်လျှင် စိုက်ပျိုးမြေများ၊ရေတွင်းရေကန်၊စာသင်ကျောင်း ၊ဘုန်းတော်ကြီးကျောင်း၊ ကျေးရွာလမ်းများ၊ ရွာချင်းဆက်လမ်းများ၊ ဘာသာရေးအဆောင်အဦများ၊လျှပ်စစ်မီးများ ၊ လက်မှုလုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမားစသည့် ဒေသအရင်းအမြစ်များကို အသုံးပြု၍ စားဝတ်နေရေးနှင့် ဘဝရပ်တည်မှုအတွက် အသုံးပြုနေကြောင်းတွေ့ရပါသည်။

သဘာဝအရင်းအမြစ်များနှင့် ဒေသအရင်းအမြစ်များ ပေါများသော ဤခံစပ်ကုန်း(နှ)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤကျေးရွာသို့ သင်တန်းများ၊နည်းပညာများ ၊ သွင်းအားစုများ ပံ့ပိုးပေးခြင်းဖြင့်လည်းကောင်း၊လူထုဗဟိုပြုစီမံကိန်းကဲ့သို့ စီမံကိန်းများ အကောင်းအထည်ဖော်ပေးခြင်းဖြင့်လည်းကောင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးကူညီဆောင်ရွက်ပေးသင့်ပါကြောင်း သုံးသပ်မိပါသည်။

အရင်းအမြစ်ပြပြေပုံရေးဆွဲနေပုံ





ಪಕ್ಷಿ ಕಾಲು ಮೀನು ಹಲ್ಲು ಮೊಲ ಹಾವು ಹಸು ಕಪ್ಪೆ ಮರ

ಮೊಲ ಮೀನು ಹಸು ಹಾವು ಕಪ್ಪೆ ಹಲ್ಲು ಪಕ್ಷಿ ಕಾಲು ಮರ

ಮೀನು ಹಸು ಹಾವು ಕಪ್ಪೆ ಹಲ್ಲು ಪಕ್ಷಿ ಕಾಲು ಮರ ಮೊಲ

ಹಸು ಹಾವು ಕಪ್ಪೆ ಹಲ್ಲು ಪಕ್ಷಿ ಕಾಲು ಮರ ಮೊಲ ಮೀನು

ಹಾವು ಕಪ್ಪೆ ಹಲ್ಲು ಪಕ್ಷಿ ಕಾಲು ಮರ ಮೊಲ ಮೀನು ಹಸು

ಕಪ್ಪೆ ಹಲ್ಲು ಪಕ್ಷಿ ಕಾಲು ಮರ ಮೊಲ ಮೀನು ಹಸು ಹಾವು

ಹಲ್ಲು ಪಕ್ಷಿ ಕಾಲು ಮರ ಮೊಲ ಮೀನು ಹಸು ಹಾವು ಕಪ್ಪೆ

ಪಕ್ಷಿ ಕಾಲು ಮರ ಮೊಲ ಮೀನು ಹಸು ಹಾವು ಕಪ್ಪೆ ಹಲ್ಲು

ಕಾಲು ಮರ ಮೊಲ ಮೀನು ಹಸು ಹಾವು ಕಪ್ಪೆ ಹಲ್ಲು ಪಕ್ಷಿ

ಮರ ಮೊಲ ಮೀನು ಹಸು ಹಾವು ಕಪ್ಪೆ ಹಲ್ಲು ಪಕ್ಷಿ ಕಾಲು

ကျေးရွာအုပ်စု - ဘူးကိုင်းအုပ်စု

ကျေးရွာအမည် - ခံစပ်ကုန်း(နှ)ကျေးရွာ

ရာသီခွင်ပြ ပြက္ခဒိန် ဆန်းစစ်ခြင်း သုံးသပ်ချက်

ခံးစပ်ကုန်း(နှ)ကျေးရွာတွင်နေထိုင်သော ကျေးရွာသူ ကျေးရွာသားများသည် တစ်နှစ်တာ ရာသီစက်ဝန်းတစ်လျှောက်လုံးတွင် မိမိတို့၏ စားဝတ်နေရေးအတွက် လစဉ်လုပ်ငန်းများကို ဆောင်ရွက်နေကြပါသည်။

တစ်နှစ်တာစက်ဝန်းတစ်လျှောက်လုံးတွင် ရာသီဥတုကွဲပြားခြင်း၊ ဒေသပွဲတော်များ၊ စိုက်ပျိုးချိန်၊ရိတ်သိမ်းချိန်၊ဝင်ငွေရရှိမှုနှင့် အစားအစာဖူလုံမှု ကျန်းမာရေးအခြေအနေ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု စသည်ဖြင့် ကွဲပြားခြားနားမှုများအပေါ် စီးပွားရေး၊ လူမှုရေးနှင့် စားဝတ်နေရေးလုပ်ငန်းများကို ဆောင်ရွက်နေကြပါသည်။

ရာသီဥတုအနေဖြင့် တန်ခူး၊ ကဆုန်၊ နယုန်လများတွင် နေပူပြင်းသောလများဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများမဆောင်ရွက်နိုင်ပါ။ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် မိုးရွာသွန်းသောလများဖြစ်သောကြောင့် စိုက်ပျိုးရေးဆောင်ရွက်သောလများဖြစ်သည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊နတ်တော်၊ပြာသိုလများတွင် ဆောင်းသီးနှံများစိုက်ပျိုးခြင်းနှင့် စိုက်ပျိုးပြီးစီးခဲ့သော သီးနှံများကို ရိတ်သိမ်းကြပါသည်။ တပိုတွဲ၊ တပေါင်းလများတွင် ဆောင်းသီးနှံများကို ရိတ်သိမ်းခြင်းနှင့် မိုးသီးနှံများကို ဆက်လက်စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်ခြင်းများ၊မြေယာပြုပြင်ခြင်းများကို ဆောင်ရွက်ကြပါသည်။

ရာသီပွဲတော်အနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲကျင်းပပြီး နယုန်၊ဝါခေါင်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလနှင့် တပိုတွဲလများတွင် ရာသီပွဲတော် ဗုဒ္ဓပူဇနီယပွဲတော်များကို ကျင်းပကြပါသည်။

ဝင်ငွေရရှိမှုအနေဖြင့် သီးနှံများရိတ်သိမ်းချိန်များတွင် ဝင်ငွေရရှိကြပြီးသောအချိန်များတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောကြောင့် ဝင်ငွေရရှိမှုနည်းပါးကြပါသည်။

ရာသီအလိုက်ဖြစ်တတ်သော ကူးစက်ရောဂါများခံစားရမှု နည်းပါးပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုလည်းမရှိကြောင်းတွေ့ရပါသည်။

အချုပ်အားဖြင့် ဖော်ပြရလျှင် ခံစပ်ကုန်း(နှ)ရွာ၏ ရာသီခွင်ပြ ပြကွဒိန်အရ ၎င်းရွာသည် ရိုးရာဓလေ့နှင့်အညီ စိုက်ပျိုးရေးဘာသာရေးပွဲများကို ရာသီမှန်ဆောင် ရွက်နိုင်ပြီး ဒေသဝင်ငွေအနေဖြင့် ပုံမှန်ရှိသော်လည်း သီးနှံများမပေါ်ချိန်တွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသောကြောင့် ဝင်ငွေရရှိမှုနည်းပါးသောကြောင့် ခံစပ်ကုန်း(နှ)ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အဆက်မပြတ်ဆောင်ရွက်ပေးသင့်ပါကြောင်း ကျေးရွာသူကျေးရွာသားများ လုပ်ငန်း အားလပ်ချိန်များတွင် ဆောင်ရွက်ပေးသင့်ပါကြောင်း သုံးသပ်မိပါသည်။

ရာသီချိန်ခွင်ပြ ပြက္ခဒိန်ရေးဆွဲနေပုံ





ပင့်ကူအိမ်သုံးသပ်ချက်ပြဇယား



ကျေးရွာအုပ်စု - ဘူးကိုင်းအုပ်စု

ကျေးရွာအမည် - ခံစပ်ကုန်း(ခ)ကျေးရွာ

ပဉ်ကူအိမ်သုံးသပ်ခြင်းနှင့်ဆန်းစစ်ခြင်း

ခံစပ်ကုန်း(ခ)ရွာရှိ အိမ်ထောင်စုများမှ အိမ်ထောင်ရှင် အမျိုးသားများနှင့် အမျိုးသမီးတို့သည် အိမ်မှုကိစ္စများ၊ ရပ်ရေးရွာရေးကိစ္စများမှဲ့ပြုးရေးကိစ္စများကို ဆောင်ရွက် နေကြပါသည်။ ထိုသို့ဆောင်ရွက်သောအခါ အမျိုးသားနှင့် အမျိုးသမီးတို့သည် တစ်ဦးနှင့်တစ်ဦး ဦးဆောင်မှုခြင်းမတူညီကြပေ။

အမျိုးသားများသည် အိမ်မှုကိစ္စများကို အနည်းငယ်သာဆောင်ရွက်ကြကြောင်း တွေ့ရပါသည်။ အမျိုးသမီးများက အများဆုံးဆောင်ရွက်ကြောင်းတွေ့ရသည်။

ဘဝလုံခြုံမှုကိုကြည့်လျှင်လည်း အမျိုးသားများက ပိုပြီးလုံခြုံမှုရှိကြောင်း တွေ့ရသည်။ အမျိုးသမီးတို့၏ လုံခြုံမှုသည် ဘဝရပ်တည်မှု၏ တစ်ဝက်လောက်သာ ရှိသည်ကိုတွေ့ရသည်။

အလုပ်အကိုင်အခွင့်အလမ်းရရှိမှုကို ကြည့်လျှင်လည်း အမျိုးသားများကသာ ပိုပြီး ရရှိကြောင်းတွေ့ရသည်။ အမျိုးသမီးများသည် အမျိုးသားများလောက် အလုပ်အကိုင် မရသည်ကို တွေ့ရသည်။

ပညာသင်ကြားရေးနှင့်ပိုင်ဆိုင်မှုကိုကြည့်လျှင် အမျိုးသားအမျိုးသမီးအတူတူ ရရှိကြသော်လည်း ဆုံးဖြတ်ချက်ချပိုင်ခွင့်ကို ကြည့်လျှင် အမျိုးသားများက ပိုပြီးချမှတ် ပိုင်ခွင့်ရှိကြောင်းတွေ့ရပါသည်။

အားလုံးအပေါ်သုံးသပ်ကြည့်လျှင် အမျိုးသားများသည် အမျိုးသမီးများထက် အိမ်မှုကိစ္စမှလွဲ၍ ကျန်ကိစ္စအားလုံးကို ဦးဆောင်လွှမ်းမိုးထားသည်ကို တွေ့ရပါသည်။ သို့ဖြစ်ပါ၍ ဤကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးတို့ တန်းတူအခွင့်အရေးရရှိရေး အတွက် ကူးမတန်းတူညီမှုရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသော လူထုဗဟိုပြုစီမံကိန်းကဲ့သို့ စီမံကိန်းများကို ဆက်လက်ဆောင်ရွက်ပေးသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။





ပင်ကုအိမ်သုံးသပ်ခြင်းရေးဆွဲထားပုံ

ကော်မတီဝင်များစာရင်း

ကျေးရွာအမည်- ခံစပ်ကုန်း(နဝ)ကျေးရွာ

စဉ်	အမည်	တာဝန်	ဖုန်းနံပါတ်
၁	ဦးထွန်းဝင်း	ဥက္ကဋ္ဌ	၀၉၇၆၂၀၇၁၇၄
၂	ဦးဘိုရှိတ်	ဘဏ္ဍာရေးမှူး	၀၉၆၈၁၂၉၇၀၅၀
၃	ဦးမြို့	စာရင်းကိုင်	၀၉၇၆၁၂၅၆၆၃၄
၄	ဦးဖိုးတုတ်	အတွင်းရေးမှူး	၀၉၇၈၈၀၇၇၁၈၂
၅	ဒေါ်ဖြူဖြူအောင်	အဖွဲ့ဝင်	၀၉၇၇၉၇၇၂၈၇၄
၆	ဒေါ်အေးသူဇာဝင်း	အဖွဲ့ဝင်	၀၉၇၇၁၅၉၀၅၄၈
၇	ဒေါ်မိုမိုကို	အဖွဲ့ဝင်	၀၉၇၈၄၀၀၁၂၆၂

အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား



ကျေးရွာအုပ်စု - ဘူးကိုင်းအုပ်စု

ကျေးရွာအမည် - ခံစပ်ကုန်း(နှ)ကျေးရွာ

အဖွဲ့အစည်းချိတ်ဆက်မှုဇယားသုံးသပ်ခြင်း

ခံစပ်ကုန်းကျေးရွာရှိကျေးရွာသူကျေးရွာသားများသည် မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာအတွင်းတွင် အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်လျှက်ရှိပါသည်။

ကျေးရွာအတွင်း၌ ရှာသားများဖွဲ့စည်းထားရှိသော အဖွဲ့အစည်းများမှာ လမ်းကော်မတီ၊ မီးလင်းရေးကော်မတီ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီ၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူမှုကူညီရေးအသင်း စသည်တို့ကို ဖွဲ့စည်းပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြပါသည်။

အဆိုပါအဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်ဆောင်ရွက်နိုင်ရန် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေကြပါသည်။ လမ်းကော်မတီသည် မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ပြည်သူ့ဆောင်လုပ်ရေးဌာနတို့ဖြင့်လည်းကောင်း၊ မီးလင်းရေးကော်မတီသည် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနဖြင့်လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနဖြင့်လည်းကောင်း၊ ကျောင်းကော်မတီသည် မြို့နယ်ပညာရေးမှူးရုံးဖြင့်လည်းကောင်း၊ အမျိုးသမီးများအဖွဲ့သည် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်လည်းကောင်း အသီးသီးချိတ်ဆက်ဆောင်ရွက်လျှက် မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြကြောင်းတွေ့ရပါသည်။

အာလုံးအပေါ်သုံးသပ်ကြည့်လျှင် ဤကျေးရွာရှိကျေးရွာသူကျေးရွာသားများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းပေါင်းစုံ ဖွဲ့စည်းဆောင်ရွက်နိုင်သောကြောင့် စည်းလုံးမှုရှိသော ကျေးရွာတစ်ရွာဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ဤကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဆိုပါက ဤကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် ယခုထက်ပို၍ တိုးတက်လာနိုင်ပါကြောင်း သုံးသပ်မိပါသည်။





ဂုံနှားနိုးထိုဒေါ်ယုထုပ္ပါးငှေဓေးရိုဇ

ဥစ္စာဓနကြွယ်ဝမှုဇယား			
အဆင့်	သတ်မှတ်ချက်	အိမ်ထောင်စုအရေအတွက်	ရာခိုင်နှုန်း
အဆင့်(၁)	မြေကေ(၂၀)၊တိုက်၊ကားနွားသိုး၊ဆိတ်မွေးမြူရေး	၁၅	၄%
အဆင့်(၂)	မြေကေ(၁၀)၊တိုက်၊ခွန်ဒေါင်း၊အင်ဂျင်စက်၊တီဗွီ	၁၃၀	၄၅%
အဆင့်(၃)	မြေကေ(၅)၊သွပ်မိုး၊ထရံကာ	၁၂၂	၃၂%
အဆင့်(၄)	လက်လုပ်လက်စား၊နေ့စားအလုပ်သမား	၇၀	၁၉%
စုစုပေါင်း		၃၇၇	၁၀၀%

ကျေးရွာအုပ်စု - ဘူးကိုင်းအုပ်စု

ကျေးရွာအမည် - ခံစပ်ကုန်း(နှ)ကျေးရွာ

ဥစ္စာဓနကြွယ်ဝမှုပြ ဇယားသုံးသပ်ခြင်း

ခံစပ်ကုန်း(နှ)ကျေးရွာတွင် အိမ်ထောင်စု (၃၇၇)စုရှိပါသည်။ ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်များအရ ခံစပ်ကုန်း(နှ)ကျေးရွာတွင် ချမ်းသာကြွယ်ဝသောအိမ်ထောင်စု ၁၅ အိမ်ထောင်စု၊ရာခိုင်နှုန်းအားဖြင့် ၄ ရာခိုင်နှုန်း၊ ဒုတိယအဆင့် ချမ်းသာသောအိမ်ထောင်စု ၁၇၀ အိမ်ထောင်စု၊ရာခိုင်နှုန်းအားဖြင့် ၄၅ ရာခိုင်နှုန်း၊ အဆင်ပြေသောအိမ်ထောင်စု ၁၂၂ စုရှိပြီး ရာခိုင်နှုန်းအားဖြင့် ၃၂ ရာခိုင်နှုန်း၊ အဆင်မပြေသော လက်လုပ်လက်စားသမားများအနေဖြင့် ၇၀ အိမ်ထောင်စု ရာခိုင်နှုန်းအားဖြင့် ၁၉ ရာခိုင်နှုန်းသာရှိပါသည်။

တစ်ရွာလုံးအတိုင်းအတာဖြင့် သုံးသပ်ကြည့်လျှင် ၎င်းရွာတွင် အဆင်မပြေသော အိမ်ထောင်စုသည် ၁၉ ရာခိုင်နှုန်းလောက်သာရှိသဖြင့် ၎င်းအိမ်ထောင်စုများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ကျန်အိမ်ထောင်စုများက ဆောင်ရွက်ပေးနိုင်သလို ဌာနဆိုင်ရာများမှလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဆိုပါက ၎င်းအိမ်ထောင်စုများအလုပ်အကိုင်နည်းချိန်၊ဝင်ငွေနည်းချိန်တို့တွင် ဆောင်ရွက်ပေးသင့်ပါကြောင်း သုံးသပ်မိပါသည်။

ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ရန်ဆွေးနွေးခြင်း



ဒုတိယလူကြီးမင်းတို့ခရီးသွားကားပေါ်တွင်ခရီးသည်များနှင့်ကားလက်ထောက်တို့ကိုတွေ့ရသည်။

ကျေးရွာအုပ်စု – ဘူးကိုင်းအုပ်စု

ကျေးရွာအမည် – ခံစပ်ကုန်း(နှ)ကျေးရွာ

ပိုင်ဆိုင်မှုသုံးသပ်ခြင်း/အရင်းအမြစ်ထိန်းချုပ်မှုပုံစံသုံးသပ်ခြင်း

ခံစပ်ကုန်း(နှ)ကျေးရွာရှိ ကျေးရွာသူကျေးရွာသားများသည် မိသားစု ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊စီးပွားရေးအတွက်လည်းကောင်း၊စားဝတ် နေရေးအတွက်လည်းကောင်း ကျေးရွာရှိအရင်းအမြစ်များကို မူတည်အသုံးပြု၍ လုပ် ကိုင်စားသောက်နေကြသည်။

ကျေးရွာ၏အရင်းအမြစ်များကို ကြည့်လျှင် ထန်းတက်လုပ်ငန်း၊ယာဉ်မောင်း လုပ်ငန်း၊ လက်သမားလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ ယက်ကန်းစင်လုပ်ငန်း၊ စက်ချုပ်လုပ် ငန်း၊ ဆေးခန်း၊မီးဖိုဆောင်၊ထင်းခွေခြင်းလုပ်ငန်းများရှိနေသည်ကို တွေ့ရသည်။

၎င်းလုပ်ငန်းများအနက် ထန်းတက်ခြင်း၊ယာဉ်မောင်းခြင်း၊လက်သမားလုပ်ခြင်း၊ ပန်းရံလုပ်ခြင်း စသည့်လုပ်ငန်းများကို အမျိုးသားများက ဦးဆောင်ပြီး အသုံးပြုလုပ် ကိုင်နေသည်ကို တွေ့ရသည်။ အသုံးပြုရန်အတွက်လည်း အမျိုးသားများကသာ ဦးဆောင်ဆုံးဖြတ်နေကြကြောင်းတွေ့ရသည်။ ယက်ကန်းစင်၊စက်ချုပ်လုပ်ငန်း နှင့် မီးဖိုဆောင်ချက်ပြုတ်ရေးလုပ်ငန်းများကိုအမျိုးသမီးများကဦးဆောင်အသုံးပြုလုပ်ကိုင် နေကြောင်း တွေ့ရပါသည်။ အမျိုးသမီးများကသာ အသုံးပြုရန် ဦးဆောင်ဆုံးဖြတ်ကြ ကြောင်းတွေ့ရပါသည်။

ကျေးရွာဆေးခန်းအသုံးပြုမှုမှာတော့ အမျိုးသား အမျိုးသမီး အတူတူ အသုံး ပြု၍ အသုံးပြုရန်ဆုံးဖြတ်ချက်ချခြင်းကို လည်း အတူတူ ဆုံးဖြတ်ကြကြောင်းတွေ့ရပါ သည်။

ထင်းခွေခြင်းလုပ်ငန်းကို အမျိုးသားများက ဦးဆောင်လုပ်ကိုင်ပြီး ဆုံးဖြတ်ချက် ချပေးမှုကိုတော့ အမျိုးသမီးများက ဦးဆောင်မှု ပြုလုပ်ကြောင်းတွေ့ရသည်။

အချုပ်အားဖြင့် သုံးသပ်ရလျှင် ခံစပ်ကုန်း(နှ)ကျေးရွာရှိ အမျိုးသား အမျိုးသမီးတို့သည် ကျေးရွာအရင်းအမြစ်များကို အသုံးပြလျှက် မိသားစု ဘဝရပ်တည်

မှုအတွက် လုပ်ကိုင်ကြရာတွင် အမျိုးသားများကသာ အများအားဖြင့် ဦးဆောင်အသုံးပြု၊ ဦးဆောင်ဆုံးဖြတ်ချက်ချနေကြောင်းတွေ့ရပါသည်။ သို့ဖြစ်ပါ၍ ဤကျေးရွာရှိ အမျိုးသား အမျိုးသမီးတို့ တန်းတူညီမျှဖြစ်စေရေးအတွက် တန်းတူညီမျှမှု ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသော လူထုဗဟိုပြုစီမံကိန်းကဲ့သို့ စီမံကိန်းများကို ဤကျေးရွာ၌ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ပါကြောင်း သုံးသပ်မိပါသည်။



းဒုဗြဂ္ဂဏးငုံဂ်ဒုတ္တဲဒုဂ္ဂဲဒုံနှ်ဂ်ဂျဏ်ဝေးနှ်ထွဖုဂြဏးဒုပဇ

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။		
ကျေးရွာခေါင်းဆောင် အမည် ဦး မြင့်မောင်	ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-77019 4420	လူထုစည်းရုံးရေးမှူး၏အမည် ဦး ဇောင်နိုင်မိုး

ပြည်နယ်၊တိုင်းဒေသကြီး	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာ
မန္တလေး	ခြားထိုးကြီး	ကူးကိုင်၊	ခံစပ်ကုန်း (နှ)

က။ လူဦးရေ

လူမျိုးစု	အိမ်ထောင်စုအရေအတွက်	ကိုးကွယ်သည့်ဘာသာ	အိမ်ထောင်စုအရေအတွက်
လူမျိုးစု (၁)---ဗမာ	၃၇၇	ဘာသာ(၁)---ဗုဒ္ဓ----	၃၇၇
လူမျိုးစု (၂)----------		ဘာသာ(၂)----------	
လူမျိုးစု (၃)----------		ဘာသာ(၃)----------	
လူမျိုးစုရော----------		ဘာသာရော----------	
အခြား			
	အရေအတွက်		
မသန်စွမ်းသူများ	၉		
သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်)	၇၈		
စစ်ဘေးရှောင်	-		

	အမျိုးသား(အရေအတွက်)	အမျိုးသမီး(အရေအတွက်)	စုစုပေါင်းအရေအတွက်

လူဦးရေ			
လူမျိုးစု (၁)---မြန်မာ	၇၁၃	၇၃၃	၁၄၄၆
လူမျိုးစု (၂)----------			
လူမျိုးစု (၃)----------			
အခြား			
အိမ်ထောင်ဦးစီး	၃၄၀	၃၇	

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

စာသင်ကျောင်း		အမှတ်ခြစ်ပါ	ကျန်းမာရေး		အမှတ်ခြစ်ပါ	ဘာသာရေးအဆောက်အအုံများ		အမှတ်ခြစ်ပါ
	အထက်တန်းကျောင်း	☐		ဆေးရုံ	☐		စေတီ	☑
	အလယ်တန်းကျောင်း	☐		ကျန်းမာရေးဌာန	☐		ဘုန်းကြီးကျောင်း	☑
	မူလတန်းကျောင်း	☐		ကျန်းမာရေးဌာနခွဲ	☑		ဟိန္ဒူဘုရားကျောင်း	☐
	မူကြိုကျောင်း	☐		ဆေးပေးခန်း	☐		ခရစ်ယာန်ကျောင်း	☐
	အခြား	☑		အခြား	☐		ဗလီ	☐
							အခြား	☐
မှတ်ချက် ကုန်း တောင်ကြီးသင်ပညာရေး(မူလွန်)				မှတ်ချက်			မှတ်ချက်	

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

(၁) စာသင်ကျောင်း	(၂)ကျန်းမာရေး	(၃) လက်မှုပညာရှင်

	ရွာတွင်နေထိုင်သူ	အခြားရွာမှလာသူ		ရွာတွင်းနေထိုင်သူ	အခြားရွာမှလာသူ		ရွာတွင်းနေထိုင်သူ	အခြားရွာမှလာသူ
မူလတန်းပြဆရာ/မ	☑	☐	ဆရာဝန်	☐	☐	လက်သမား	☑	☑
အထက်တန်းပြဆရာ/မ	☐	☐	လက်ထောက်ကျန်းမာရေးမှူး	☐	☐	ပန်းရံ	☑	☑
အလယ်တန်းပြဆရာ/မ	☑	☐	အမျိုးသမီးကျန်းမာရေးဆရာမ	☐	☑	လျှပ်စစ်ကျွမ်းကျင်၊ မီးသမား	☐	☑
မူကြိုဆရာ/မ	☐	☐	သားဖွားဆရာမ	☐	☑	ရေဂိုက်သွယ်သူ	☑	☑
အခြား	☐	☐	ပြည်သူ့ကျန်းမာရေးလုပ်သား	☐	☑	စက်ပြင်ဆရာ	☑	☑
မှတ်ချက်			မှတ်ချက်			မှတ်ချက်		

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း **မြေသားလမ်း** လူသွားလမ်း အခြား _____

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မှီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-3----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 00:20100 ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ----------

ဝိုးရာသီတွင်ကြာချိန် 00:30:00 ----------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ထော်လာဂျီ

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ရှိပါ □ ရှိပါသည် ရှိလျှင်ဖေါ်ပြပါ----------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့)
စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------

(၂) ----------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးမြင့်မောင်

လက်မှတ် နေ့စွဲ ၃.၁၀.၂၀၁၉

လူထုစည်းရုံးရေးမှူး အမည် ဦးဟောင်ဒိုင်မိုး ၃.၁၀.၂၀၁၉

လက်မှတ် နေ့စွဲ

ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက်ဤပုံစံကိုဖြည့်သွင်းရမည်။								
စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - ဦး ဖောင်နိုင်မိုး								
နေ့စွဲ					စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☑ စက်ဝန်း (၄)			
ပြည်နယ်/တိုင်း မန္တလေး	မြို့နယ် နွားထိုးကြီး			ကျေးရွာအုပ်စု ဘူးကိုင်း	ကျေးရွာ ခံစပ်ကုန်း (နှ)			
စီမံကိန်းဆောင်ရွက်မှုအဆင့်များ	**နေ့စွဲ**		**အစည်းအဝေးတွင်တက်ရောက်သူအရေအတွက်**					
	စတင်သည့် နေ့	ပြီးဆုံးသည့် နေ့	အမျိုးသားအရေအတွက်	အမျိုးသမီးအရေအတွက်	အိမ်ထောင်စုအရေအတွက်	လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည်	အိမ်ထောင်စုပေါင်း	အိမ်ထောင်စု %
၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး	3.10.2019	3.10.19	104	136	240	240 / မြန်မာ	235	62.33
၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး	10.10.19	10.10.19	77	102	170	179 / ဗမာ	179	
၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး	14.11.19	14.11.19	23	4	27	27 / ဗမာ	27	
၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး	20.12.2019	20.12.2019	မလို	မလို	မလို	မလို		
၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့အသိပေးအကြောင်းကြားသည့်အစည်းအဝေး	11.1.2020	11.1.2020	90	125	215	215 / ဗမာ	215	

၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး	မလို	မလို	မလို	မလို	မလို	မလို	မလို	မလို
၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း	၆.၂.၂၀၂၀	၆.၂.၂၀၂၀	၉၃	၁၀၀	၁၉၃	၁၉၃	၁၉၃	၅၀.၄၀%
၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း	၆.၂.၂၀၂၀	၆.၂.၂၀၂၀	၉	၁၀	၁၉	၁၉	၁၉	၅.၁၄%
၆.၃။ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း	၆.၂.၂၀၂၀	၆.၂.၂၀၂၀	၉	၁၀	၁၉	၁၉	၁၉	၅.၁၄%
၆.၄။ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း	၆.၂.၂၀၂၀	၆.၂.၂၀၂၀	၉	၁၀	၁၉	၁၉	၁၉	၅.၀၄%
၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး	မလို	မလို	မလို	မလို	မလို	မလို	မလို	မလို
၇.၁။ အစည်းအဝေး ပထမအကြိမ်								
၇.၂။ အစည်းအဝေး ဒုတိယအကြိမ်								
၇.၃။ အစည်းအဝေး တတိယအကြိမ်								
၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး								
၉။ လူထုစစ်ဆေးပွဲအစည်းအဝေး								

ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်- အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။
လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး အောင်နိုင်ဇို
နေ့စွဲ ၃၊၁၀-၂၀၁၉ စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃)

မြို့နယ်/တိုင်း	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာ
မန္တလေး	ချမ်းမြသာစည်	ဘုံကိုင်း	ဘဝါကုန်း (အ)

က။ အဓိကအခဲအတားအဆီးများအား ထွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဓိကအခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း (အမျိုးသား/သမီး အနည်းဆုံးအဓိကအခဲ ၅ ခုစီဖေါ်ပြပါ)

အုပ်စုဖွဲ့ ထွေးနွေးမှုများမှ တင်ပြသောအဓိကအခဲအတားအဆီးများ	
ရွာတွင်းလမ်း ရေစီးရေလာ မကောင်း	□ ကျား □မ ☑ကျား+ မ
သောက်ရေ တစ်ခွန်စာ မဖူလုံ	□ ကျား □မ ☑ကျား+ မ
အရေး လေါ်ကျမှာရေး ဆေးဝါးဘွား ရုန် ခက်ခဲ	□ ကျား ☑မ □ ကျား+ မ
ခိုက်ပျိုးရေး နှဉ်းပညာ ဟာ၊ နှဉ်း	☑ ကျား □မ □ ကျား+ မ
ရွာဘုံပဓာနဉာဏ် ထား၊ကုန် ရေရာမရှိ	☑ ကျား □မ □ ကျား+ မ

ဃ။ မျှော်မှန်းခြင်း- နောင်လာမည့် (၅)နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

အုပ်စုဖွဲ့ ထွေးနွေးမှုများမှ တင်ပြသောအဓိကအခဲအတားအဆီးများ	
လမ်းများ ကျဉ်းခြင်းတည်တံ့ခိုင် ရေစီးရေလာ ကောင်းခြင်း	□ ကျား □မ ☑ကျား+ မ
သောက်ရေ တစ်ခွန်ပတ်လုံးပြည့်ဝဖူလုံစေရန်	□ ကျား □မ ☑ကျား+ မ
ခိုက်ပျိုးရေး နှဉ်းပညာဖွံ့ဖြိုးလာစေရန်	☑ ကျား □မ □ ကျား+ မ
ကျန်တာကျ ရွာဘုံဓနဉာဏ် တိုးသိန်းခြင်း	☑ ကျား □မ □ ကျား+ မ
ဆေးရုံသို့ အရေး လေါ်လှုနာများ အလွယ်	□ ကျား ☑မ □ ကျား+ မ

အရေးဘွား စေချင်

ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်- အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။
လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဖောင်ခိုင်မိုး
နေ့စွဲ ၃-၁၀-၂၀၁၉ / စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃)

ပြည်နယ်/တိုင်း မန္တလေး	မြို့နယ် ခွားကိုးကြီး	ကျေးရွာအုပ်စု ကွာကိုင်း	ကျေးရွာ ခံစပ်ကုန်း(အနှ)

က။ အခက်အခဲအတားအဆီးများအားဖွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

အုပ်စုဖွဲ့ဖွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ	
ရေချို၊ လွှာလှူကြီး / ငယ်များ ဗဟုသုတနည်း	□ ကျား □မ □ကျား+မ
လူတိုင်း ဝင်ငွေ နည်းပါး	□ ကျား □မ □ ကျား+မ
လေ့ကျင့်သင်ကြား ရေတစ်ခွန်ခံစား မရှိခြင်း	□ ကျား □မ □ကျား+မ
ဘဏ်ခြား မွာ သို့ သွား လာရန် လမ်း ကြမ်း	□ ကျား □မ □ ကျား+မ
	□ ကျား □မ □ ကျား+မ

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် (၅)နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

အုပ်စုဖွဲ့ဖွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ	
ဗဟုသုတ တိုးပွား လာစေရန်	□ ကျား □မ □ကျား+မ
လူတိုင်း ဝင်ငွေ တိုးပွား စေချင်	□ ကျား □မ □ ကျား+မ
ရွာချင်းဆက် လမ်း များ သွား လာ ရာ ကောင်း စေဖြစ်ချင်	□ ကျား □မ □ကျား+မ
	□ ကျား □မ □ ကျား+မ
	□ ကျား □မ □ ကျား+မ

ဇ။ ကျေးရွာအုပ်ချုပ်ရေး လေ့ကျင့်ရေးအတွက် ဘဏ္ဍာငွေသုံးစွဲခွင့်ရှိသော ဦးစားပေးမဲ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ

ဦးစားပေး အဆင့်	ကျေးရွာအတွက် ဦးစားပေး မဲ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ	အဆိုပြုသူ(အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား +အမျိုးသမီး)	အခန်း ကဏ္ဍ	ဦးစား ပေး အဆင့် သတ်မှတ် ချက်	ခန့်မှန်း ကုန်ကျ စရိတ်	အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက်		
						ကျား	မ	ပေါင်း
၁	ကွန်ကရစ်ကျောက်ခြောင်း	အမျိုးသား၊အမျိုးသမီး	လုပ်အားပံ့ပိုး ဆက်ဆံရေး	၁	၁၉၀၀၀၀၀	၇၁၃	၇၁၃	၁၄၂၆
၂	ကျေးလေး၊ လေကျေး	″	ကျွန်းဆင်ရွာ ဒုတိယ ကျေး	၂	၂၀,၀၀၀,၀၀၀	၇၁၃	၇၁၃	၁၄၂၆
၃	ကျေးသစ်ခက်	″	ကျေးသစ် ရွာမင်း ကျေး	၃	၁၅,၀၀၀,၀၀၀	၇၁၃	၇၁၃	၁၄၂၆
၄	ကြာချင်း၊ခေါက် (ကျင်း လမ်း)	″	လုပ်အားပံ့ပိုး ဆက်ဆံရေး	၄	၃၀,၀၀၀,၀၀၀	၇၁၃	၇၁၃	၁၄၂၆
၅								

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးမဂင်သော ဦးစားပေး မဲ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

အဆင့်	ကျေးရွာအတွက် ဦးစားပေး မဲ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ	အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး)	အခန်းကဏ္ဍ
၁	လူနေရပ်ကွက်လမ်း	အမျိုးသမီး	ဟခြာ၊
၂	ဓာတ်အားလိုင်းတိုက်	အမျိုးသား၊အမျိုးသမီး	ဟခြာ
၃	စိုက်ပျိုးရေးသင်တန်း	အမျိုးသား	စိုက်ပျိုးရေး
၄	ကြက်ဟာခေတက်အမဲ့	အမျိုးသား	ဟခြာ၊
၅	အိမ်တွင်းလက်မှုလုပ်ငန်း	အမျိုးသမီး	ဟသက်မွေး ဝမ်းရောင်း (အပေါ်မြောက်ပိုင်း ခ / ခေါင်း ရပ်မှာရှည်ထုတ်လုပ် သည့်နည်းပညာ)

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များအတည်ပြုသည်။

အမည် မြတ်ထွန်းဝင်း လက်မှတ် ဝင်း နေ့စွဲ ၃-၁၀-၂၀၂၄

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

